


အတွဲ(၂)၊ အမှတ် (၁၀)၊ ဧပြီလ၊ ၂၀၁၄ ခုနှစ်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီး၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်ဒုတိယသမ္မတများ၏ဇနီးများသည် မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများအတွက်အာဟာရထောက်ပံ့ရန်လှူဒါန်းငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်





မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီး၏ ဇနီးဒေါ်ခင်ခင်ဝင်းမှမေတ္တာစမ်းရေဆေးခန်းတွင်ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများအတွက်အာဟာရထောက်ပံ့ရန်လှူဒါန်း ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများအတွက် အာဟာရထောက်ပံ့ရန်လှူဒါန်းငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်၊ နံနက်(၉း၀၀)နာရီတွင် နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်၊ သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကကြီးများဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီး၏ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယသမ္မတများ၏ဇနီးများဖြစ်ကြသော ဒေါ်နန်းရွှေမူနှင့်ဒေါ်ခင်အေးမြင့်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်နှင့်အမျိုးသမီးဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယကများဖြစ်သော ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ဇနီးများနှင့်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

အလှူရှင်များတက်ရောက်ကြပါသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကကြီး ဒေါ်ခင်ခင်ဝင်းက လမ်းညွှန်အမှာစကားပြောကြားပြီးနောက် တက်ရောက်လာသူများမှ ဂုဏ်ထူးဆောင်နာယကကြီးများကို ဂါရဝပြုနှုတ်ဆက်ကြပါသည်။

ထို့နောက်အလှူရှင်များမှ အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကိုပြန်လည်ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ကျေးဇူးတင်စကားပြောကြားပြီး၊ အတွင်းရေးမှူး ဒေါ်သဇင်နွယ်မှ ၂၀၁၃ ခုနှစ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်သော " Launching on Social Budgeting/Investment for Children " ဟောပြောပွဲဖွင့်လှစ်






မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်မှ
"Launching on Social Budgeting/Investment for Children " တွင် အဖွင့်အမှာစကားပြောကြားနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်သော"Launching on Social Budgeting/ Investment for Children"အခမ်းအနားကို၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက် နေ့လယ်(၁း၃၀)နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသိန်းသိန်းဌေး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့်ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ UNICEF(Social Policy and Monitoring and Evaluation Section)မှ Ms.Christirna Roccella နှင့် UNICEF မှ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကားပြောကြားပြီး UNICEF,Social Policy and Monitoring and Evaluation Section မှ Ms.Christina Roccella က "Launching on Social Budgeting/ Investment for Children" နှင့် ပတ်သက်၍တင်ပြရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာသို့ကွင်းဆင်း၍ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်**



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ခွဲစိတ်ကုသရန် လိုအပ်သော လူနာအား ကြည့်ရှုအားပေးစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် WHA ဆေးကုသမှုအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကိုဖွင့်လှစ်၍ ကျန်းမာရေး/ပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့်ဗဟိုအလုပ်အမှုဆောင်များ၊ အမေရိကန်နိုင်ငံအခြေစိုက် WHA ဆေးကုသမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဥတ္တရသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာနမှူးနှင့်ဆရာဝန်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့်ဆရာဝန်များသည် ၂၀၁၄ခုနှစ်၊ ဧပြီလ(၈)ရက်နေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာတွင် ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့ပါသည်။ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့တို့သည်လည်း လိုက်ပါကူညီဆောင်ရွက်ကုသပေးခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက်မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်မှ "ရွေ့လျားကျန်းမာရေး

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(မဟိုု)၏လှုပ်ရှားမှုများ

ဆေးခန်းဖွင့်လှစ်ရခြင်းအကြောင်း၊ ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန်အရေးပါမှုနှင့် ကျွမ်းကျင်သူများဖြင့်မွေးဖွားရန်အကြောင်း''ကိုလည်းကောင်း၊ ဒေါက်တာသက်နိုင်ဦးမှ ''သွေးလွန်တုပ်ကွေးရောဂါနှင့်ဆင်ခြေထောက်ရောဂါအကြောင်း''ကိုလည်းကောင်း၊ ဒေါက်တာဇော်ထွန်းဦးမှ ''ငှက်ဖျားရောဂါအကြောင်း''ကိုလည်းကောင်း ပညာပေးဟောပြောခဲ့ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကိုအနီးပိတ်၊ အိုင်အိုဒင်းဆားနှင့်အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ၎င်းနောက်ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကိုကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကိုကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကိုထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိခဲ့ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ UNICEF၊ ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ မိသားစုမြှင့်တင်ရေးစီမံချက် Seven Things This Year Initiative (ဒီနှစ်အတွက် ၇ ချက်စီမံချက်) အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းများဖွင့်လှစ်**




ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်နှင့်အဖွဲ့မှ အုတ်တွင်းမြို့နယ်တွင် Seven Things This Year Initiative Project အသိပေးဆွေးနွေးခြင်းနှင့်ဆရာဖြစ်သင်တန်းတွင် အဖွင့်အမှာစကားပြောကြားစဉ်



တွဲဘက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းနှင့်အဖွဲ့မှ သာပေါင်းမြို့နယ်တွင် Seven Things This Year Initiative Project အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းသွားရောက်ဆောင်ရွက်စဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF၊ ကျန်းမာရေးဦးစီးဌာန(အမျိုးသမီးနှင့်ကလေးကျန်းမာရေးဌာန)တို့နှင့်ပူးပေါင်း၍ မိသားစုမြှင့်တင်ရေးစီမံချက် Seven Things This Year Initiative Project (ဒီနှစ်အတွက် ၇ ချက်စီမံချက်) အသိပေးဆွေးနွေးခြင်းနှင့်ဆရာဖြစ်သင်တန်းများကို ၂၀၁၄ ခုနှစ်ဇန်နဝါရီလ (၂၃) ရက်နေ့နှင့် (၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၊(၂၉) ရက်နေ့နှင့် (၃၀)ရက်နေ့များတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တို့၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် (၂၃-၁-၂၀၁၄)မှ(၂၄-၁-၂၀၁၄)ရက်နေ့အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းနှင့်မဟိုအလုပ်အမှုဆောင်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

ဒေါက်တာမေစိုးဦး၊ စီမံချက်မန်နေဂျာဒေါက်တာသက်နိုင်ဦး၊ စီမံချက်အရာရှိဒေါက်တာဇော်ထွန်းဦးနှင့် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား/သူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းမှ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို (၂)ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁)နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သာပေါင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူကြိုသို့သွားရောက်ခဲ့ပါသည်။ သာပေါင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်(၅၀,၀၀၀/)ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

အလားတူပင်(၂၉-၁-၂၀၁၄)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံချက် မန်နေဂျာနှင့်စီမံချက်အရာရှိ၊ ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းကို (၂၉-၁-၂၀၁၄) မှ (၃၀-၁-၂၀၁၄) ရက်နေ့အထိ (၂)ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုသို့သွားရောက်ခဲ့ပြီး မူကြိုဆရာမများအတွက်ဝတ်စုံ၊ မူကြိုကလေးများအတွက် ဝတ်စုံ(၃၃)စုံနှင့် အာဟာရအတွက် ငွေကျပ်(၅၀,၀၀၀/)ထောက်ပံ့လှူဒါန်းခဲ့ပါသည်။ ဆက်လက်၍ အုတ်တွင်းမြို့နယ်ဆေးရုံကြီးတွင် လူနာညွှန်းပို့ရာ၌ ထောက်ပံ့နိုင်ရန်အတွက် ငွေကျပ်(၁၀၀ ,၀၀၀/)ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူလူထု အခြေပြုအာဟာရဖြည့်တင်းရေးဌာနများ ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား




မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းမှပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဌာနများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်ထောက်ပံ့ငွေပေးအပ်ပွဲတွင် စီမံချက်ဝင်မြို့နယ်များသို့ ထောက်ပံ့ငွေပေးနေစဉ်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဌာနများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက် နံနက်(၉း၀၀)နာရီတွင် အသင်းရုံး၏ခန်းမကြီး၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန(WCHD )မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်းနှင့်ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမေခင်သန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက်ကျန်းမာရေးဦးစီးဌာန(WCHD )မှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမြင့်မြင့်သန်းက အမျိုးသမီးနှင့်ကလေးကျန်းမာရေး၊ ငါးနှစ်အောက်ကလေးများဆေးခန်းအကြောင်းကိုပြောကြားခဲ့ပါသည်။ ဆက်လက်၍ အာဟာရဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေခင်သန်းက လူထုအာဟာရဖြည့်တင်းရေးဌာနများ၏ရည်ရွယ်ချက်၊ လုပ်ငန်းအကောင်အထည်ဖော်မှု၊ ပြည်သူများပါဝင်လာစေရန် ဆောင်ရွက်သည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင်များအား အာဟာရထောက်ပံ့ခြင်းလုပ်ငန်းကို သွားရောက်လေ့လာကြပါသည်။

ဆက်လက်၍ တက်ရောက်လာသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဌာနများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဌာနစီမံချက်ဝင်မြို့နယ် (၃၅)မြို့နယ်အတွက် တစ်မြို့နယ်လျှင်(၅၀၀,၀၀၀ိ/)ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ်(၁၇,၅၀၀,၀၀၀ိ/)တိတိ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတွင် ပျိုရွယ်သူကျန်းမာရေးအသိပညာပေးခြင်းများပြုလုပ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူးဒေါ်သဇင်နွယ်မှရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတွင် ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဟောပြောနေစဉ်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(မဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတွင် ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက်နေ့ နေ့လယ် (၁း၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ကျန်းမာပညာ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးကျွန်ြာ၊ လက်ထောက်ညွှန်ကြားရေးမှူး(ကျောင်းကျန်းမာရေး)မှဒေါက်တာစုစုလင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များ၊ ကျောင်းဆရာ/ဆရာမများ၊ တက္ကသိုလ်ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်သဇင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာလှမြသွေးကျွန်ြာမှ ပျိုရွယ်သူကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ ဒေါက်တာစုစုလင်းမှ မျိုးဆက်ပွားကျန်းမာရေးအကြောင်းကိုလည်းကောင်း Power Point ဖြင့်ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ကျောင်းသား/ကျောင်းသူများနှင့်အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ပြီး သိသင့်သည်များကိုရှင်းလင်းပြောကြားခဲ့ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ဘက်စုံဖွံ့ဖြိုးရေးဌာနများ၏ ဝန်ဆောင်မှုပေးသူများအတွက် အရည်အသွေးမြှင့်သင်တန်းနှင့် ပိုးချည်ဖြင့်ပန်းခြောက်အလုပြုလုပ်နည်း (အဆင့်မြင့်) သင်တန်းဖွင့်လှစ်**



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဌာနများ၏ဝန်ဆောင်မှုပေးသူများ အတွက်အရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်ဆောင်ရွက်စဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပိုးချည်ဖြင့်ပန်းခြောက်အလုပြုလုပ်နည်း (အဆင့်မြင့်) သင်တန်းဖွင့်လှစ် ဆောင်ရွက်နေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သင်တန်းနှစ်ခုဖြစ်သော ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဌာနများ၏ဝန်ဆောင်မှုပေးသူများအတွက် အရည်အသွေးမြှင့်သင်တန်းနှင့်ပိုးချည်ဖြင့် ပန်းခြောက်အလုပြုလုပ်နည်း(အဆင့်မြင့်)သင်တန်းကို၂၀၁၄ ခုနှစ်မတ်လ(၂၄)ရက်နံနက် (၉း၀၀)နာရီတွင်နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေမှ

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှအဖွဲ့ဝင်များနှင့်အသင်းပိုင်မူကြိုကျောင်းမှဆရာမများ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သင်တန်းဆရာမများ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်မြို့နယ်များမှသင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဘက်အတွင်းရေးမှူး (၁)ဒေါ်တင်တင်ဝင်းမှ ECCD သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး၊ စီးပွားရေးစောင့်ရှောက်မှုလုပ်ငန်းခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင် ဒေါ်အမာမှုပိုးချည်ဖြင့် ပန်းခြောက်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ဘက်စုံဖွံ့ဖြိုးရေးဌာနများ၏ ဝန်ဆောင်မှုပေးသူများအတွက် အရည်အသွေးမြှင့်သင်တန်းကိုသင်တန်းသား(၈၁)ဦးဖြင့် (၂၄)ရက်မှ(၂၈)ရက်နေ့အထိ (၅)ရက်ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး၊ ပိုးချည်ဖြင့်ပန်းခြောက်အလုပြုလုပ်နည်း(အဆင့်မြင့်)သင်တန်းကို သင်တန်းသား(၃၈)ဦးဖြင့်(၂၄)ရက်နေ့မှ(၂၆)ရက်နေ့အထိ (၃)ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်တွင်
ကျောင်းသား/ကျောင်းသူများကို ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှစာရေးကိရိယာများ လှူဒါန်းထောက်ပံ့နေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၃–၂၀၁၄ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်းမြို့နယ်အ–လ–က (ဗိုလ်မင်းရောင်)၊ဇေယျာသီရိမြို့နယ်အ–ထ–က(ခွဲ) (ပြည်စံအောင်)၊ ပုဗ္ဗသီရိမြို့နယ် အ–လ–က (၉၇)၊ဥတ္တရသီရိမြို့နယ် အ–လ–က(၅) (ဗိုလ်ရွှေး)၊နှင့် ပျဉ်းမနားမြို့နယ် အ–မ–က

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

(သဲကျွန်းတောင်)၊ ဇမ္ဗူသီရိမြို့နယ် အ-လ-က (၂၇)ရွှေကြာပင်၊ ဒက္ခိဏသီရိမြို့နယ် အ-လ-က (ရွှေအင်ကြင်း)၊လယ်ဝေးမြို့နယ် အ-ထ-က(ခွဲ) (ကံလှ)တို့တွင် ကျောင်းသား/ကျောင်းသူများကို စာမေးပွဲဖြေဆိုချိန် အသုံးပြုရန်အတွက် ကျောင်းသုံး စာရေးကိရိယာစုစုပေါင်းငွေကျပ်(၁၀)သိန်းတန်ဖိုးကို (၁၃-၁-၂၀၁၄)ရက်နေ့တွင်သက်ဆိုင်ရာ ကျောင်းများအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်သက်သက်ဆွေနှင့် တွဲဘက်အတွင်းရေးမှူး (၁)ဒေါ်တင်တင်ဝင်းတို့က သက်ဆိုင်ရာကျောင်းများတွင် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး လှူဒါန်းပစ္စည်းများကို နေပြည်တော်ကောင်စီနယ်မြေ(၈)မြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း(၃၀)မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများမှလက်ခံရယူခဲ့ပါသည်။ အဆိုပါပညာရေးလှုပ်ရှားမှုအခမ်းအနားကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွဲဘက်အတွင်းရေးမှူး(၁)၊ နေပြည်တော်ကောင်စီမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာမြို့နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ/ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား/ ကျောင်းသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ လူနာများအတွက် အလှူငွေပေးအပ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ကုတင်(၁၀၀၀)ဆေးရုံအုပ်ကြီးသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက်အလှူငွေ ပေးအပ်နေစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ကုတင်(၁၀၀၀)ဆေးရုံအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အာဟာရများထောက်ပံ့နေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ သည် ၂၀၁၄ ခုနှစ်ဇန်နဝါရီလ(၁၆)ရက်နေ့ နေ့လယ်(၃း၀၀)နာရီတွင် နေပြည်တော်ကုတင်(၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခွဲစိတ်မည့်လူနာ(၃၀)ဦးအတွက် လှူဒါန်းငွေကိုးသိန်းနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်ဆယ်သိန်း စုစုပေါင်း (၁၉၀၀ ,၀၀၀/ကျပ်-)ကျပ်တစ်ဆယ့်ကိုးသိန်းတိတိကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်ကပေးအပ်ရာ ကုတင်(၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူမှလက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ သည် ခွဲစိတ်ပြီးလူနာနှင့် ခွဲစိတ်မည့်လူနာများအားလှည့်လည်ကြည့်ရှုခဲ့ပြီး အာဟာရပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဘက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းမှ(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသောကလေးများအား ဆုချီးမြှင့်နေစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနား ဖွင့်လှစ်ဆောင်ရွက်စဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ ကလေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို၂၀၁၄ခုနှစ်ဇန်နဝါရီလ(၂)ရက်နေ့ (၀၈း၃၀)နာရီမှ (၁၂း၀၀)နာအချိန်ထိ အသင်းရုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့်မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်ကလေးငယ်များ၏ ကိုယ်အလေးချိန်၊အရပ်အမြင့်၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ကျန်းမာရေးအခြေအနေ၊ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံတိုက်ကျွေးမှုနှင့် သက်တမ်းအလိုက်အသိဉာဏ်ဖွံ့ဖြိုးမှုတို့ကို အခြေခံကြည့်ရှုစစ်ဆေးကာ မွေးကင်းစမှ (၃)လ၊ သုံးလမှ(၆)လ၊ (၆)လမှ(၁)နှစ်၊ (၁)နှစ်မှ(၁)နှစ်ခွဲနှင့်အမွှာအတွဲများဟူ၍ ကလေးငယ်စုစုပေါင်း(၁၈၃)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်မှ အမှာစကားပြောကြားကာ တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကိုဆုများ အသီးသီးချီးမြှင့်ခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့်အတွင်းရေးမှူးအဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကွင်းဆင်းဆောင်ရွက်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်နှင့်အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့သည် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌဦးသောင်းထိုက်ပါဝင်သောအဖွဲ့နှင့်လိုက်ပါ၍ ၂၀၁၄ခုနှစ်မတ်လ(၁၁)ရက်နေ့ နေ့လည်(၁း၀၀)နာရီတွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမတွင်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ဥက္ကဋ္ဌမှရှင်းလင်းပြောကြားခဲ့ပါသည်။

(၁၂-၃-၂၀၁၄)ရက်နေ့ နံနက် (၈း၀၀)နာရီတွင် Japan Heart မှ လှူဒါန်းသော စီတာပူမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီးမူလတန်းကြိုကျောင်းသို့ တီဗွီ၊ အောက်စက်၊

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ



**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့်အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့မှကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စစ်ရှောင်စခန်းသို့ သွားရောက်ပြီး လှူဒါန်းထောက်ပံ့နေစဉ်**

မူကြိုကလေးဝတ်စုံနှင့်ငွေကျပ် (၂)သိန်းကို လှူဒါန်းခဲ့ပါသည်။ ၎င်းနောက်ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ အ-မ-က (၄) မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးလှူဒါန်းငွေများပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ခတ်ချိုသားဖွားခန်းသို့သွားရောက်ပြီး ထောက်ပံ့ငွေ၊ တစ်ခါသုံးမွေးအိတ်နှင့်အနှီးပိတ်များ လှူဒါန်းခဲ့ပြီး ဝိုင်းမော်မြို့နယ်စစ်ရှောင်စခန်းတွင်လည်း အလှူငွေကျပ်(၃)သိန်းတိတိကို ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး အကြိုအလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း**




**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး အကြိုအလှူငွေပေးအပ်ပွဲတွင် CB ဘဏ် မှငွေကျပ် သိန်း(၅၀)လှူဒါန်းစဉ်**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏(၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကြိုဆိုဂုဏ်ပြုသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ၊ ဧပြီလ(၂၈)ရက်နေ့ နံနက်(၉း၃၀)နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာနမှဖိတ်ကြားထားသောဧည့်သည်တော်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က နှုတ်ခွန်းဆက်ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌဒေါ်ခင်သန်းဝင်း၊ ဒုတိယဥက္ကဋ္ဌဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်ဒေါ်မူမူဆွေ၊ အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့က အလှူရှင်များ၏အလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများကိုလက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ အတွင်းရေးမှူးဒေါ်သဇင်နွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုများကို Power Point ရှင်းလင်းတင်ပြခဲ့ပါသည်။ အလှူရှင်များမှလှူဒါန်းငွေသားစုစုပေါင်း (၄၇,၅၄၀,၀၀၀/ကျပ်) ရရှိခဲ့ပြီး အဆိုပါလှူဒါန်းရရှိသည့်ငွေ၊ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဘင်္ဂလားဒေ့ရှ်တပ်မတော်လေတပ်ဦးစီးချုပ်၏ဇနီး Mrs.Mary Enam နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံခြင်း



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဘင်္ဂလားဒေ့ရှ်တပ်မတော်လေတပ် ဦးစီးချုပ်၏ ဇနီးMrs.Mary Enam နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှလာရောက်တွေ့ဆုံစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဘင်္ဂလားဒေ့ရှ်တပ်မတော်လေတပ်ဦးစီးချုပ်၏ဇနီး Mrs.Mary Enam ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့ လည်(၁၅း၅၀)နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းရုံး၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီးနောက် အတွင်းရေးမှူးဒေါ်သဇင်နွယ်ကအသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မိခင်နှင့် ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဧည့်သည်တော်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပါသည်။

ယင်းနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး Mrs.MaryEnamကဧည့်သည်တော် မှတ်တမ်းတွင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ဆက်လက်၍ ဧည့်သည့်တော်များနှင့်အဖွဲ့သည် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓါတ်ပုံများကို ခန်းမအတွင်းလှည့်လည်ကြည့်ရှုကာ စုပေါင်း၍အမှတ်တရမှတ်တမ်းဓါတ်ပုံ ရိုက်ကူးခဲ့ကြောင်းသိရှိရပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

### ကချင်ပြည်နယ်




ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှတက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများကိုစာရေးကိရိယာနှင့် အာဟာရများထောက်ပံ့နေစဉ်

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူများကိုစခန်းသွင်းသင်ကြားနေသော ဝန်းသိုပရဟိတဘုန်းတော်ကြီးကျောင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်များသို့သွားရောက်၍ ကျောင်းသား/သူ (၂၄၆)ဦးအားစာအုပ်/စာရေးကိရိယာများ၊ အာဟာရနှင့်ထောက်ပံ့ငွေများကို သွားရောက်ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကာ၊ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီးတက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူ စုစုပေါင်း (၂၄၆)ဦးအတွက် အာဟာရနှင့်ထောက်ပံ့ငွေများထောက်ပံ့ပေးအပ်ခဲ့ပါသည်။

### ကယားပြည်နယ်



ကယားပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဘောလခဲမြို့နယ်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသောလူနာများအား ထောက်ပံ့ငွေပေးအပ်စဉ်

ကယားပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ နာယကဒေါ်မြင့်မွှေ၊ ဥက္ကဋ္ဌဒေါ်အေးအေးသိန်းနှင့် အဖွဲ့ဝင်များမှ(၂၃-၄-၂၀၁၄)ရက်နေ့၌ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ် ဆေးရုံတွင်ဆေးရုံတက်၍ ကုသမှုခံယူနေသောလူနာများအားအာဟာရနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

### ကရင်ပြည်နယ်



ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံပုရာကျေးရွာအုပ်စု၊ ကော့ကမာကျေးရွာ၌ ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ဆောင်ရွက်စဉ်

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

(၇-၄-၂၀၁၄)ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊သံပုရာကျေးရွာအုပ်စု၊ ကော့ကမာကျေးရွာ၌ ရွှေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်၍ အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများအား အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကလေးအနီးပိတ်နှင့်ထောက်ပံ့ငွေ (၅၀၀၀ိ/)ပေးအပ်ခြင်း၊ သက်ကြီးအဖိုးအဖွား (၁၁)ဦးကိုအားဖြည့်အစားအစာနှင့် ငွေသားများထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်းသို့ သွားရောက်ကြည့်ရှုပြီး သားဖွားဆရာမ(၁)ဦး၊ အရန်သားဖွားဆရာမ (၁)ဦးနှင့် အကူသန့်ရှင်းရေး(၁)ဦးတို့အတွက် လစာများထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## ချင်းပြည်နယ်



ချင်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များမှသန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေစဉ်

(၈-၄-၂၀၁၄)ရက်နေ့တွင် တီးတိန်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအသင်းဝင်များ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ချိန်တွင် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



စစ်ကိုင်းတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှယင်းမာပင်မြို့တွင် အသက်(၄၅)နှစ်အောက် အမျိုးသမီးများအား အစုလိုက်အပြုံဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေစဉ်

(၂၁-၁-၂၀၁၄)ရက်နေ့တွင် ယင်းမာပင်မြို့၌ ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းလျက် (၂၀၁၄ခုနှစ်၊ပထမအကြိမ်)အသက်(၄၅)နှစ်အောက် အမျိုးသမီးများအား အစုလိုက်အပြုံဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ ကြည့်ရှုအားပေးခဲ့ပါသည်။

၎င်းနောက်ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အာဟာရများထောက်ပံ့ပေးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးအကြောင်း ပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## တနင်္သာရီတိုင်းဒေသကြီး

(၁၉-၂-၂၀၁၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ ကျွန်းစုမြို့နယ်တွင်ကျန်းမာရေး ဆေးခန်းဖွင့်လှစ်ပြီး၊ ဘိုးဘွားများကိုကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။



ကျွန်းစုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပါဝင်ကူညီဆောင်ရွက်စဉ်

## ပဲခူးတိုင်းဒေသကြီး

(၂-၁-၂၀၁၄)ရက်နေ့တွင်ပဲခူးတိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ နှင့်ဆုပေးပွဲကိုပဲခူးမြို့၊ ဗုဒ္ဓအသံဓမ္မဗိမာန်၊ စိတ္တသုခခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသ ကြီး /ခရိုင်/ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ ထို့ နောက်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး၊ အဖွဲ့ဝင် ဆရာဝန်တစ်ဦးမှကလေးပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်း များအား ရှင်းပြခဲ့၍ ဆုရရှိခဲ့သူများကိုဆုများပေးအပ်ချီးမြှင့်ခဲ့ ပါသည်။ အဆိုပါအခမ်းအနားတွင် ပြိုင်ပွဲဝင်ကလေးများအား အလှူရှင်တစ်ဦးမှ အိုဗာတင်းနှင့်အာဟာရများ ကျွေးမွေးခဲ့ပါ သည်။




ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကမှ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲတွင် ဆုများချီးမြှင့်ပေးနေစဉ်

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## မကွေးတိုင်းဒေသကြီး

(၂၆-၃-၂၀၁၄)ရက်နေ့က မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရွှေလေ့ကျေးရွာတွင် တိုင်းဒေသကြီးမိခင် နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့မှကြီးမှူး၍ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ ဖြင့် ကျေးရွာပြည်သူလူထု အားကျန်းမာရေးဆေးကုသမှုများ ဆောင်ရွက်ပြီးဆေး ကုသမှုခံယူသူများကို ကြည့်ရှုအားပေး ခဲ့ပါသည်။



မကွေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကမှပွင့်ဖြူမြို့နယ်၊ ရွှေလေ့ကျေးရွာတွင် ရွှေ့လျားကျန်းမာရေး ဆေးခန်းသို့ လာရောက်ဆေးကုသမှုခံယူသူများကို ကြည့်ရှုအားပေးနေစဉ်

## မန္တလေးတိုင်းဒေသကြီး

(၅-၄-၂၀၁၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး ဖွင့်လှစ်သော ဈေးချိုတော်စံပြမူကြိုကျောင်း ကျောင်းဆင်းပွဲ အခမ်းအနားကိုနံနက်(၁၀း၀၀)နာရီက မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြု လုပ်ရာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီး ကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဌေးဌေးအောင်နှင့်အဖွဲ့ဝင်များ၊ မန္တလေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး




မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှဈေးချိုတော်စံပြမူကြိုကျောင်း၊ ကျောင်းဆင်းပွဲအခမ်းအနားတွင် ကျောင်းသားကျောင်းသူလေးများက ''ရောင်ပေစူး'' ယိမ်းအကဖြင့်ဖျော်ဖြေတင်ဆက်စဉ်

အဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများ၊ ကျောင်းသားမိဘများတက်ရောက်ကြပါသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်မှအဖွင့်အမှာ စကား ပြောကြားကာ ကျောင်းတာဝန်ခံဆရာမ ဒေါ်ချိုမာလွင်မှ ကျောင်း၏တစ်နှစ်စာအတွင်း လုပ်ငန်းစဉ်များကိုရှင်းလင်း တင်ပြပါသည်။ ထို့နောက်ဆရာမများအား တိုင်းဒေသကြီးကြပ် ရေးအဖွဲ့နာယကမှ ဂုဏ်ပြုဆုငွေချီးမြှင့်ပေး၍ တိုင်းကြီးကြပ် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှကျောင်းကြီးသို့ ပြောင်းရွှေ့ကြ မည့် ကလေး(၁၁)ဦးကို အမှတ်တရလက်ဆောင်များချီးမြှင့် ပေးအပ်ခဲ့ပါသည်။

၎င်းနောက် ကလေးများက ''နှုတ်ဆက်ပါ'' သီချင်းသီဆို ခြင်း၊ လက်ပံပွင့်ကောက်ယိမ်းအကဖြင့် ဖျော်ဖြေခြင်း၊ ရောင်ပေစူးယိမ်းအက၊ ဆရာမမှတ်တမ်း မူကြိုကျောင်းသီချင်း၊ မမပုသိမ်သူယိမ်းအက၊ A,B,C,D Group Song တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ကျောင်းသားမိဘများမှလက်ဆောင် ပစ္စည်းများပေးအပ်၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပါ သည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## မန္တလေးတိုင်းဒေသကြီး

(၂၃-၂-၂၀၁၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ်ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးဌာနတို့နှင့်ပူးပေါင်း၍ ဂျိုင်းကြီးကျေးရွာ၊ ကျွန်းဆင်ကျေးရွာများသို့ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးမှရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများကို ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တိုင်းကြီးကြပ်ရေးအဖွဲ့မှ ကျန်းမာရေးအလေ့အကျင့်ကောင်းရရှိစေမည့် စနစ်တကျလက်ဆေးနည်းကို သရုပ်ပြသ၍ အသိပညာပေး စည်းရုံးခဲ့ပါသည်။



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဂျိုင်းကြီးကျေးရွာတွင်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လက်ဆေးနည်းစနစ်တကျ ပညာပေးသရုပ်ပြနေစဉ်

## မွန်ပြည်နယ်




မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သည် နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်း၌ ဒီနှစ်အတွက် (၇)ချက်တေးသရုပ်ဖော် တင်ဆက်မှုကို အားပေးကြည့်ရှုနေစဉ်

(၁၉-၃-၂၀၁၄)ရက်နေ့တွင် မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ကျင်းပပြုလုပ်သည့် ၂၀၁၄ ခုနှစ်၊နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ကို မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ပြခန်းတွင်ဒီနှစ်အတွက်(၇)ချက် တေးသရုပ်ဖော်ကို အသင်းဝင်များမှ တင်ဆက်ပြသခဲ့ပါသည်။ အခမ်းအနားသို့ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်စန်းစန်း၊ ဥက္ကဋ္ဌဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များမှ အားပေးကြည့်ရှုခဲ့ပါသည်။ အဆိုပါပြခန်းတွင်မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ အာဟာရအုပ်စု(၃)အုပ်စု ညီညွတ်မျှတစွာ ချက်ပြုတ်စားသောက်တတ်စေရန် ခင်းကျင်းပြသခြင်း၊ ပညာပေးလက်ကမ်းစာစောင်နှင့် အိုင်အိုဒင်းဆားများကိုပြခန်းသို့ လာရောက်ကြည့်ရှုသူများကို ဝေငှပေးခဲ့ပါသည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးပြီးစစ်တွေမြို့နယ် ကယ်ဆယ်ရေးစခန်းများမှ သင်တန်းသူ(၅၀)ဦးကို (၁)လကြာစက်ချုပ်သင်တန်းဖွင့်လှစ်ခဲ့ပြီးနောက် သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်နှင့်ဆုများ ချီးမြှင့်ခဲ့ပါသည်။



ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များမှ စက်ချုပ်သင်တန်းတွင်သင်တန်းသူတစ်ဦးအား သင်တန်းဆင်းဂုဏ်ပြုလွှာချီးမြှင့်နေစဉ်

## ရန်ကုန်တိုင်းဒေသကြီး

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းနှင့် အဖွဲ့ဝင်များသည် (၄-၄-၂၀၁၄)ရက်နေ့မှ(၈-၄-၂၀၁၄)ရက်အထိဒေါပုံမြို့နယ်၌ဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးအဆင့်မြှင့်တင်ခြင်း စီမံချက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအသင်းဝင်များသင်တန်းသို့တက်ရောက် အမှာစကားပြောကြား၍ သင်တန်းသို့တက်ရောက်လာကြသော သင်တန်းသူများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြပါသည်။ အဆိုပါသင်တန်းသို့စေတနာ့ဝန်ထမ်းအသင်းဝင်သင်တန်းသူ(၃၅)ဦး တက်ရောက်ခဲ့ပါသည်။




ဒေါပုံမြို့နယ် သားဖွားခန်းအခြေပြုမျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုမြှင့်တင်ခြင်း စီမံချက်စေတနာ့ဝန်ထမ်းအသင်းဝင်များ သင်တန်းဖွင့်လှစ်စဉ်

ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် (၂၀-၁-၂၀၁၄)ရက်နေ့(၁၁း၀၀)နာရီအချိန်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သက်နံကျွန်းကြီးကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မြရတနာသားဖွားခန်းသို့သွားရောက်၍ ကိုယ်ဝန်ဆောင်အမျိုးသမီး(၁၅)ဦးကို ဆေး၊ ကြက်ဥ၊ ကွေကာအုပ်၊ အိုင်အိုဒင်းဆားနှင့်လုံချည်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ရွှေနံ့သာစံပြကျေးရွာရှိမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော မေတ္တာရင်ခွင်မူကြိုကျောင်းသို့ရောက်ရှိပြီး မူကြိုဆရာမ(၄)ဦးအား လက်ဆောင်စွည်းများပေးအပ်ခြင်း၊ မူကြိုကလေးငယ်(၆၄)ဦးတို့အား နွားနို့၊ အိုဗာတင်း၊ မုန့်အာဟာရများထောက်ပံ့ပေးအပ်ခြင်းပြုလုပ်ခဲ့ပါသည်။

ထိုမှတဆင့် ရွှေနံ့သာစံပြကျေးရွာခန်းမ၌ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အဆိုပြုလွှာများ ပေးအပ်ခြင်းဝတ်စုံပေးအပ်ခြင်းနှင့် ရင်ထိုးတံဆိပ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ကျေးရွာရှိ ပြည်သူလူထုအင်အား (၂၀၀)ဦး တက်ရောက်ခဲ့ပါသည်

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## ရှမ်းပြည်နယ်



ညောင်ရွှေမြို့နယ်၊ပြည်သူ့ဆေးရုံ၌ အမေရိကန်နိုင်ငံအခြေစိုက် (WHA) အဖွဲ့မှဆေးဝါးများအခမဲ့ကုသပေးရာ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များမှရေသန့်ဘူးများကိုဝေငှပေးနေစဉ်

အမေရိကန်နိုင်ငံအခြေစိုက် An International Medical Relief Group World Health Ambassador Team (WHA) မှ Dr Thien Do ဦးဆောင်သော(၂၅)ဦးပါ ဆေးကုသရေးအဖွဲ့နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IPPF စီမံချက်မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်နှင့် အဖွဲ့၊ MDC နှင့်နေပြည်တော်ကုတင်-၁၀၀၀ သွားနှင့်ခံတွင်းဌာနမှ ဒေါက်တာပိုင်စိုး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးကောင်စီ၊ နေပြည်တော်ကုတင်-၁၀၀၀)ဦးဆောင်သည့် (၉)ဦးပါအဖွဲ့တို့သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၌ အထွေထွေရောဂါများ၊ မီးယပ်နှင့်သားဖွားပြဿနာများ၊ ကလေးရောဂါများ၊ အရေပြား၊ မျက်စိ၊ သွားနှင့်ခံတွင်းရောဂါများကို ကုသပေးခဲ့ပါသည်။ (၁-၄-၂၀၁၄)ရက်နေ့နှင့် (၂-၄-၂၀၁၄)ရက်နေ့တွင် တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးကလေးဆေးရုံကြီး၌ အထွေထွေရောဂါကုသသူ(၁၇၁)ဦး၊ မီးယပ်ရောဂါကုသသူ (၇၅)ဦး၊ ကလေးရောဂါ(၁၇)ဦး၊ အရေပြားရောဂါ(၆၄)ဦး၊ မျက်စိဝေဒနာရှင် (၁၅၅၆)ဦး၊ သွားနှင့်ခံတွင်း(၁၄၅)ဦး စုစုပေါင်း (၃၀၂၈)ဦးကိုလည်းကောင်း၊ (၃-၄-၂၀၁၄)ရက်နေ့တွင် ဟိုပုံးမြို့နယ်ပြည်သူ့ဆေးရုံ၌ အထွေထွေရောဂါကုသသူ (၂၃၇)ဦး၊ မီးယပ်ရောဂါကုသသူ (၄၀)ဦး၊ အရေပြားရောဂါ (၄၀)ဦး၊ မျက်စိဝေဒနာရှင်(၂၂၉)ဦး၊ သွားနှင့်ခံတွင်း(၁၇၀)ဦး၊ စုစုပေါင်း (၇၁၆)ဦးကိုလည်းကောင်း၊ (၄-၄-၂၀၁၄)ရက်နေ့တွင် ညောင်ရွှေမြို့နယ်တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသသူစုစုပေါင်း (၇၅၆)ဦးကိုလည်းကောင်း ဆေးဝါးများကုသပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## ရှမ်းပြည်နယ်

(၂၇-၂-၂၀၁၄)ရက်နေ့တွင် လင်းခေးမြို့နယ်၌ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အမှုဆောင်များနှင့် လင်းခေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် လင်းခေးမြို့၊ ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွားများကို အိမ်တိုင်ရာရောက်ကျန်းမာရေးစစ်ဆေးပေးပြီး အားဖြည့်အာဟာရများကို ထောက်ပံ့ပြီး၊ လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးရုံတက် လူနာများနှင့်မွေးလူနာများကိုငွေသားနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် ကိုယ်ဝန်ဆောင်များအား ကျန်းမာရေး အသိပညာပေး ဟောပြောပြီး ငွေသားနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနေ့တွင် ပုန်းထွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကလေးငယ်များကို ကာကွယ်ဆေးတိုက်ကျွေးခဲ့ပါသည်။ ဒေသခံပြည်သူများ၏ကျန်းမာရေးကို စစ်ဆေးပြီး ဆေးကုသရန် လိုအပ်သောသူများကို အခမဲ့ဆေးဝါးကုသပေးခဲ့ပါသည်။



ရှမ်းပြည်နယ်၊လင်းခေးမြို့နယ်၊ပုန်းထွန်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း၌ကျန်းမာရေး အသိပညာပေးဟောပြောနေစဉ်

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏လှုပ်ရှားမှုမှတ်တမ်းများ

## ရှမ်းပြည်နယ်

(၅-၄-၂၀၁၄)ရက်နေ့တွင် တောင်ကြီးမြို့တွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တိုင်းရင်းဆေးပင်ပြုစုပျိုးထောင်ပွဲအခမ်းအနားကို ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စန်းစန်းဝင်းနှင့်အဖွဲ့ဝင်များက တိုင်းရင်းဆေးမျိုးစေ့များ၊ ပျိုးပင်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေးအပ်ပြီး၊ တိုင်းရင်းဆေးပင်များ၊ မျိုးစေ့များကို ပြုစုပျိုးထောင်ခဲ့ပါသည်။



ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် တိုင်းရင်းဆေးပြုစုပျိုးထောင်ပွဲကျင်းပရာတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့်အဖွဲ့ဝင်များမှပါဝင်ဆောင်ရွက်စဉ်

## ရေဝတီတိုင်းဒေသကြီး

ရေဝတီတိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ခင်ဌေးမြင့်၊ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေတို့မှ ငပုတောမြို့နယ်၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ(၃)ခုသို့ ကျန်းမာရေး အသိပညာပေးဟောပြော၍တက်ရောက်လာသူများကို ဆေးစိမ်ခြင်ထောင်အလုံး(၁၅၀) ထောက်ပံ့ပေးခဲ့ပါသည်။



ရေဝတီတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ငပုတောမြို့နယ်တွင် ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့နေစဉ်

## နေပြည်တော်

ဥတ္တရသီရိခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြည်ကြည်ယဉ်၊ တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ဆွေဦးနှင့် အဖွဲ့ဝင်များသည်အသင်းရန်ပုံငွေဖြင့်အသေးစားချေးငွေများ ထုတ်ချေးခြင်း၊ အသေးစားချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းများလေ့လာခြင်း၊ လုပ်ငန်းတိုးတက်မှုအခြေအနေအားလုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးမှ ဝါး၊ ထရံယက်လုပ်သူတစ်ဦးအား အသေးစားချေးငွေ ထုတ်ချေးနေစဉ်